ငါးပါးသီလ, ရှစ်ပါးသီလနှင့် ပြည့်စုံ၍

ဥပါသကာ, ဥပါသိကာ သူတော်စင်ဖြစ်ရန်

သင်ခန်းစာပေးသည့်

# သီလဂုဏ်ရည်


အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက

B.A.Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

စုဆောင်း ရေးသားသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၅ ၁၉၈၃

၁၉၂၀၀

ငါးပါးသီလ, ရှစ်ပါးသီလနှင့် ပြည့်စုံ၍

ဥပါသကာ, ဥပါသိကာ သူတော်စင်ဖြစ်ရန်

သင်ခန်းစာပေးသည့်

# သီလဂုဏ်ရည်

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက
B.A.Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
စုဆောင်း ရေးသားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ခု

၇၊၃၃

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ်–၀၂၄၀၅/၀၂၅၂၈) က
ပုံနှိပ်ထုတ်ဝေသည်။

# သီလဂုဏ်ရည် နိဒါန်း

**သီလလေးပါး။** ။အကုသိုလ် မဖြစ်ရလေအောင် ကိုယ်မှု နှုတ်မှုတို့ကို ကောင်းစွာ ထားတတ်သော စေတနာသည် သီလမည်၏။

ယင်းသီလသည်—

၁။ ဘိက္ခုသီလ၊

၂။ ဘိက္ခုနီသီလ၊

၃။ သာမဏေရသီလ၊

၄။ ဂဟဋ္ဌသီလ—အားဖြင့် လေးပါးပြားသည်။

**ဘိက္ခုသီလနှင့် ဘိက္ခုနီသီလ။** ။ထိုတွင် ဘိက္ခုပါတိမောက်လာသီလသည် ဘိက္ခုသီလမည်၏။ ဘိက္ခုနီပါတိမောက်လာ သီလသည် ဘိက္ခုနီသီလမည်၏။ ယင်းသီလများကို သီးခြားဆောက်တည်ရန် မလိုပါချေ။ သိမ်အပြင်ဝယ် ကမ္မဝါစာပီပြင်စွာ ရွတ်ဖတ်ပြီးသည်၏ အဆုံး၌ ထိုသီလများ တည်ပြီးဖြစ်လေသည်။ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ ထာဝစဉ်နိစ္စစောင့်သုံးရသော သီလများဖြစ်လေသည်၊ အကြီးဆုံး သိက္ခာပုဒ်ကြီး လွန်ကျူးမိသည့်အခါဖြစ်စေ, သိက္ခာချသည့်အခါ ဖြစ်စေ ထိုကမ္မဝါစာ အရှိန်အဝါသည် ပျက်ပြယ်လေတော့သည်၊ သီလအားလုံးကင်းလေပြီ။

**သာမဏေရသီလ။** ။သာမဏေများ၌သရဏဂုံဆောက်တည်လျှင် သက်ဆိုင်ရာ သီလများလည်း ဆောက်တည်ပြီးဖြစ်သည်၊ သရဏဂုံဆောက်တည်ပြီးနောက် "ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့် ဆိုကြသည်မှာ ဆယ်ပါးသီလကို နားလည်အောင်သရုပ်ရေတွက်ခြင်း ဖြစ်လေသည်၊ ထိုသီလဆယ်ပါးတွင် လိင်ကျူးမှုနှင့် စပ်သွယ်ပတ်သက်သော သီလတပါးပါးပျက်က အားလုံးသီလပျက်တော့၏၊ ထပ်မံ၍ သရဏဂုံယူရသည်။ အခြားသီလများပျက်လျှင် သဲဒဏ်၊ ရေဒဏ်စသည် ထမ်းဆောင်၍ ကုစားရသည်။

**ဂဟဋ္ဌသီလ။** ။အိမ်၌တည်သူ (အိမ်နေသူ) လူဝတ်ကြောင်များကို "ဂဟဋ္ဌ" ဟုခေါ်သည်၊ လူဝတ်ကြောင်များ၌ ငါးပါးသီလသည် နိစ္စသီလ ဖြစ်သည်။ သရဏဂုံဆောက်တည်လျှင် သရဏဂုံတည်သူသာမည်သည်၊ သီလရှိသူ မဟုတ်သေး၊ သို့ဖြစ်၍ လူတို့မှာ ဆိုင်ရာသီလကို သီးခြားဆောက်တည်ရသည်။ ယင်းသို့ ဆောက်တည်ရာ၌ "ပဉ္စသီလံ သမာဒိယာမိ" ဟု သိက္ခာပုဒ်ငါးပါးလုံးကို တပေါင်းတည်းဆောက်တည်ထားလျှင် တပါးပျက်လျှင် ငါးပါးလုံးပျက်သည်။

"ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ" ဟု သီးခြားခွဲ၍ ဆောက်တည်ပါက တပါးကျူးလွန်လျှင် တပါးသာပျက်သည်။ ထိုပျက်သောသီလကို ထပ်မံဆောက်တည်လျှင် ပြီးပါသည်။ ကာလကို ပိုင်းခြား၍ ဆောက်တည်လျှင် ထိုအချိန်ကာလစေ့က ဆောက်တည်ခြင်းကိစ္စ ပျက်ပြယ်တော့သည်၊ အလိုရှိက ထပ်မံ၍ ဆောက်တည်ရသည်။

စေတနာအတွက်အကျိုးဖလပိုလွန်း။ ။နိစ္စသီလဟူသည်မှာ မစောင့် ထိန်း လျှင် အပြစ်ရှိ၍ စောင့်ထိန်းမှ အပြစ်မှလွတ်ကင်းလျက် အကျိုးရှိသည်။သို့ဖြစ်၍ ငါးပါးသီလကို နှုတ်ဖြင့်ဆောက်တည်ရိုး မရှိသူတို့၌ မဆောက်တည်ပဲ စောင့်စီးနေလျှင်လည်း အပြစ်ကင်း၍ အကျိုးရှိသည်ဟု ယူရမည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့လို ဆောက်တည်မှုကား ဆောက်တည်မှု စေတနာအတွက်အကျိုး ဖလ ပိုလွန်းသည်ဟု ဆိုရမည် ဖြစ်သည်။

ဥပုသ်သီလ။ ။ရှစ်ပါးသီလသည် လူများ၏ ဥပုသ်သီလ မည်၏၊ ထိုဥပုသ်သီလကို ဥပုသ်နေ့မှာသာ မဟုတ်ပဲ အခြားနေ့များ၌လည်း တတ်အားသမျှ စောင့်သုံးကောင်း၏။ သို့ရာတွင် ယခုခေတ်တွင် လဆန်း ၈-ရက် လဆုတ် ၈-ရက် လပြည့် လကွယ်နေ့များ၌သာ စောင့်သုံးသူများလေသည်။

စာရိတ္တဝါရိတ္တသီလ ၂-မျိုး။ ။အချုပ်အားဖြင့် စာရိတ္တသီလ ဝါရိတ္တသီလ အားဖြင့် သီလ ၂-မျိုးရှိ၏။ ထိုတွင် မျိုးရိုး အစဉ်အလာအတိုင်း ကောင်းသောအကျင့်ဟူသမျှနှင့် ဝိနည်းခန္ဓကလာ ကျင့်ဝတ်များသည် စာရိတ္တသီလမည်၏။ ယင်း စာရိတ္တသီလသည် ကျင့်လျှင် အကျိုးရှိ၍ မကျင့်လျှင် အပြစ်မကြီးလှပေ။ မကျင့် မစောင့်လျှင် အပြစ်ရှိရမည် ဖြစ်၍ နိစ္စသီလသည် ဝါရိတ္တသီလ မည်၏။ ဤသီလများသည် ကိုယ်မှု နှုတ်မှုကို ငြိမ်သက်အောင် ထားတတ်၏။ ဤသီလများ စောင့်ရုံဖြင့် စိတ်ကိုကား မလုံ

ခြုံနိုင်သေးချေ။ ဘာဝနာကမ္မဋ္ဌာန်းဖြင့် ငြိမ်သက်အောင် စောင့်ရမည်ဖြစ်သည်။

**သီလဂုဏ်ရည်ကျမ်း ရေးသားခြင်း။** ။၁၃၄၅-ခုနှစ် နယုန်လဆုတ် ၉-ရက်နေ့ (မနေ့)က ပခုက္ကူမြို့ ကုက္ကိုတန်းရပ်မှ ဒါယကာကြီး ဦးကံ ရောက်ရှိလာပြီး ဆရာတော် ငါးပါးသီလ ရှစ်ပါးသီလနှင့်ပေ သည့် ကျမ်းစာအုပ်ငယ်ကလေးတအုပ် ပြုစုပေးတော်မူပါဟု လျှောက်ထားသည်။ စာအုပ်အတွက် ကုန်ကျမှု အစိတ်အငက် ကိုလည်း တာဝန်ယူလေသည်။ ၎င်းပြင် ပခုက္ကူမြို့ သင်ထုတ် လုပ်ရေး လက်ထောက်မန်နေဂျာဦးအောင်မြင့်-ဒေါ်ကျောက် မိသားစု၊ ပခုက္ကူမြို့ မုံညင်းစုရပ် ရဟန်းအမကြီးဒေါ်အေးဆင့် စသူတို့ကလည်း စာအုပ်အတွက် နဝကမ္မ ထားရှိကြသည်။ သို့နှင့် ငါးပါးသီလ၊ ရှစ်ပါးသီလ အခြံပွါယ် သိမှတ်ဖွယ်တို့ကို သီလဂုဏ်ရည်အမည်ဖြင့် ရေးသားပြုစုရာ ယနေ့ပင်ပြီးဆုံး ခဲ့လေသည်။

**ဥပုသ်သည်တို့ လက်ကိုင်ပြုဖတ်ရှုကြ။** ။မိမိသည် လျှောက်ထားသည့် ဒါယကာ ဦးကံ၏ ရည်ရွယ်ချက်အတိုင်း သီလယူ သီလတောင်းပုံ အစိအစဉ် ငါးပါးသီလ၊ ရှစ်ပါးသီလ အခြံပွါယ်အကျဉ်း ဂုဏ်တော် ပွားများပုံ သီလဆင်ခြင်ပုံ သီလစောင့်ရကျိုးတို့ဖြင့် အကျဉ်း ချုပ်၍ ရေးသားရာ ဥပုသ်သည် သူတော်စင်တို့ လက်ကိုင်ပြု ဖတ်ရှုလေ့လာ၍ ကုသိုလ်တရား တိုးတက်စည်ကားကြပါစေဟု ဆန္ဒပြုပါသည်။

သီလဂုဏ်ရည် အမည်တင့်ဆန်း ကုမ်းလက်သန်း ကြိုးပမ်းအားသစ်ပေ။

နေ့တိုင်းနေ့စဉ် ငါးအင်သီလ စောင့်ထိန်းကြ သီလရှိပါစေ။

ဥပုသ်နေ့တွင် အင်္ဂါရှစ်ဝ မြတ်သီလ သုံးကြ စောင့်ကြစေ၊

နတ်ပြည်လှေကား ထူးခြားစွာလှ အမတဝင်ဝ အမှန်ပေ။

အရှင်ကေလာသ
ဓမ္မာစရိယ,ဂဏဝါစက,ဘီ-အေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့

၁၃၄၅-ခု နယုန်လဆုတ် ၁၀-ရက်နေ့

# သီလဂုဏ်ရည်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမပဒ်ိညာဉ်

ဘုရား တရား၊ သံဃာအား၊ လေးစားရှိခိုးသည်။

သီလဂုဏ်ရည်၊ အမည်တင့်ဆန်း၊ စာတော်ပန်း၊

ကြိုးပမ်းအားထုတ်မည်။

သူတော်စင်တို့၊ လွန်နှစ်မြို့၊ ကြည့်ရှုရန်ဖို့ရည်။

ပခုက္ကူမြို့ ကုက္ကိုတန်းရပ်နေ ဒါယကာကြီး ဦးကံသည် ၁၃၄၅-ခု၊ နယုန်လဆုတ် ၉-ရက် (၄-၇-၈၃) နေ့ နံနက်တွင် မိမိထံရောက်လာပြီး ဆရာတော် တပည့်တော်တို့အား ငါးပါး သီလ, ရှစ်ပါးသီလအကြောင်း စာအုပ်ငယ်ကလေး တအုပ် ပြုစုပေးတော်မူပါ၊ ယခုလာမည့်ဝါဆိုလပြည့်နေ့တွင် ဓမ္မဒါန ပြုလုပ်ပါမည်ဟု လျှောက်ထားလေသည်၊ သို့ဖြစ်၍ မိမိသည် သရဏဂုံသုံးပါး, ငါးပါးသီလ, ရှစ်ပါးသီလ အကျိုးဂုဏ်ရည် များကို ပါဠိ့အဋ္ဌကထာစသည့် စာပေကျမ်းဂန် အရပ်ရပ် ကြည့်ရှု၍ အမြန်ရေးသားပြုစီရင်ပါသည်။

## အိပ်ရာမှထလျှင် ပြုရမည့်အလုပ်

ဗုဒ္ဓဘာသာဝင် သူတော်စင်သည် အိပ်ရာမှစောစောထ၍ မျက်နှာသစ် ကိုယ်လက်သုတ်သင်ပြီးလျှင် သက်တော်ထင်ရှား ဘုရားရှင်ကို ရည်မှန်း၍ ဥဒ္ဒိဿစေတီတော် အိမ်ဦးတွင်အဆင်

သင့် ကိုးကွယ်ထားရှိသော ဆင်းတုတော်မြတ်အား ရေချမ်းတော်၊ ပန်းတော်စသည်တို့ကို သဒ္ဓါကြည်ဖြူ ကပ်လှူပြီး မိမိရရှိသည့် ဘုရားရှိခိုး တမျိုးမျိုးဖြင့် ရှိခိုးဖူးမြော်ရာ၏။ ၎င်းနောက် ငါးပါးသီလ ဆောက်တည်ရာ၏။ လဆန်း ၈-ရက်၊ လဆုတ် ၈-ရက် လပြည့်လကွယ်နေ့ဖြစ်လျှင် ရှစ်ပါးသီလ ဆောက်တည်ကျင့်ကြံရာ၏။ ညအိပ်ရာဝင်သောအခါ၌လည်း အနန္တငါးပါးကို ရှိခိုး၍ အိပ်ရာ၏။ ယင်းသို့ပြုလုပ်ပါက ဤဘဝတွင် ကိုယ်ပကိုယ်တွင်း ဝိုင်းပဝိုင်းတွင်း အန္တရာယ်ကင်းရှင်းခြင်း အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အချွေအရံ အသင်းအပင်း ပေါများခြင်း စသောအကျိုးတို့ကို ရ၍ ဤဘဝမှ စုတေပြီးနောက် လူရပ်နတ်ထံ စုံကာဆန်ကာဖြစ်ရပြီးလျှင်နောက်ဆုံးတွင် မီးတဆယ့်တတန်ငြိမ်းရာမှန်သည့် မြတ်နိဗ္ဗာန်သို့ရောက်မည်ဖြစ်ပေသည်။

(ဆောင်) အို သဒ္ဓါသက်ဝင် သူတော်စင် ကြည်လင်ရွှင်ပျ
သောမနဖြင့် အိပ်ရာကထ ကိုယ်ကာယဝယ်
ပြုဖွယ်ကိစ္စ ပြုပြီးကလျှင် ဗုဒ္ဓကိုယ်စား ရုပ်ပွား
တော်မည် မြတ်စေတီအား ရေကြည်ကြည်အေး
မြတ်ပန်းမွှေးကို လေးစားကြည်ဖြူ ဆက်ကပ်
လှူကာ ငါးဖြာသီလ တဝထို့ပြင် အင်္ဂါသီ
ဆောက်တည်ကြိုးကုတ် အားထုတ်ရာ၏ အိပ်ရာ
ဝင်က အနန္တငါးပါး ဝပ်တွားရိုကျိုး ရှိခိုးပြီးမှ
အိပ်လေရသည် မုချသူမွန်ကျင့်ဖွယ်တည်း။

## သရဏဂုံ သီလဆောက်တည်

မိမိနှုတ်တက်သည့် ဘုရားရှိခိုးဖြင့် ဘုရားရှိခိုးပြီးလျှင် သို့မဟုတ် ဩကာသ ကန်တော့ချိုးဖြင့်ရတနာ ၃-ပါးအားရှိခိုးပြီးလျှင်–

(၁) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၃) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## ကြည့်ရှုရန်

(၁) ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ (တပည့်တော်မသည်) တိသရဏေန=သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလဟု ဆိုအပ်သော။ ဓမ္မံ၊ သိက္ခာပုဒ်တော်တရားကို။ ယာစာမိ၊ တောင်း ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ (တပည့်တော်မအား)။ အနုဂ္ဂဟံ၊ ချီးမြှောက်မှုကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးတော်မူပါကုန်ဘုရား။

( ၂ ) ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ( တပည့်တော်မသည် )။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလဟု ဆိုအပ်သော။ ဓမ္မံ၊ သိက္ခာပုဒ်တော်တရားကို။ ယာစာမိ၊ တောင်းပါ၏။ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား ( တပည့်တော်မအား )။ အနုဂ္ဂဟံ၊ ချီးမြှောက်မှုကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးသနားတော်မူပါကုန်ဘုရား။

( ၃ ) တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ( တပည့်တော်မသည် )။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလဟု ဆိုအပ်သော။ ဓမ္မံ၊ သိက္ခာပုဒ်တော်တရားကို။ ယာစာမိ၊ တောင်းပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ ( တပည့်တော်မအား )။ အနုဂ္ဂဟံ၊ ချီးမြှောက်မှုကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးသနားတော်မူပါကုန် ဘုရား။

ဆိုလိုရင်းကား။ ။အရှင်ဘုရား တပည့်တော် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလဟု ဆိုအပ်သော သိက္ခာပုဒ်တော်တရားကို တောင်းပါ၏။ တပည့်တော်အား သနားသဖြင့် သီလပေးတော်မူပါ – ဟုဖြစ်သည်။ အလေးဂရု ပြုရအောင် ၃-ကြိမ် တောင်းရိုးပြုကြသည်၊ အချိန်လုလုပ်ရသော အခါနှင့်ကြုံလျှင် တကြိမ်တည်းနှင့်လည်း ပြီးပါသည်။ လူအများ သီလတောင်းပြီးသည်၏ အဆုံး၌ သီလပေးသောရဟန်း

သာမဏေက “ ယမဟံ ဝဒါမိ တံ ဝဒေထ (ယမဟံ ဝဒါမိ တံ ဝဒေဟိ)[1] ယံ အကြင်စကားကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆို၏။ တံ၊ ထိုငါဆိုသောစကားကို။ တုမှေ၊ သင်တို့သည်။ ဝဒေထ၊ လိုက်ဆိုကြကုန်လော့။ ထို့နောက်လူများက “ အာမ ဘန္တေ ” လိုက်ဆိုကြ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မှန်လှပါဘုရား။ အရှင်ဘုရားဆိုသမျှကို လိုက်၍ဆိုပါမည် ဟု ဝန်ခံခြင်းဖြစ်လေသည်။ ရုပ်ပွားတော်ရှေ့သီလတောင်းလျှင် တောက်လျှောက်ဆိုသွားပါ။ ယမဟံ ဝဒါမိ တံ ဝဒေထ (ယမဟံ ဝဒါမိ တံ ဝဒေဟိ )ဟုမိန့်တော်မမူသဖြင့် အာမ ဘန္တေ—စသည်ဆိုဖွယ်မလိုပါ။

၎င်းနောက် သီလပေးသည့် ရဟန်းသာမဏေက “နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ”ကိုချပေးသဖြင့် လူများက ၃-ခေါက်ဆိုရသည်။ ၎င်းမှာဘုရားရှိခိုးဖြစ်သည်။ ယင်း နမော တဿဖြင့် သိကြားမင်း၊ ဇာဏုသောဏိပုဏ္ဏား, ပသေနဒီ ကောသလမင်းကြီး ဗြဟ္မာယုပုဏ္ဏား, ဓနဉ္စာနီ ပုဏ္ဏေးမ, အာရာမဒဏ္ဍပုဏ္ဏား ကရဏ္ဍပါလီပုဏ္ဏားတို့ ဘုရား ရှင်အားရှိခိုးကြသည်။

အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖေါက်မပြန် သယမ္ဘုဉာဏ်ဖြင့်ကိုယ်တော်တိုင် သစ္စာလေးပါး တရားကိုထိုးထွင်း၍ သိတော်မူသော။

---

၁။ သီလတောင်းသူ တယောက်တည်းအတွက် (ယံ။ အကြင်စကားကို၊အဟံ၊ငါသည်။ ဝဒါမိ၊ ဆို၏။ တံ၊ ထိုငါဆိုသောစကားကို။ တွံ၊ သင်သည်။ ဝဒေဟိ၊ လိုက်ဆိုလော့)။

တဿ ဘဂဝတော၊ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏ ဆိုလိုရင်းကား ပူဇော်အထူးကို ခံတော်မူထိုက်သော သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်သစ္စာလေးပါး သိမြင်သောဘုရား ရှင်အား ရှိခိုးပါ၏ ဟုဖြစ်သည်။

## အခြံအရံစကားများ

ဩကာသမှစ၍ နမော တဿ တိုင်အောင်သောစကား များမှာ သရဏဂုံ သီလ ဆောက်တည်ရာ၌ အရေးတကြီး သက်ဆိုင်ပတ်သက်သော စကားများမဟုတ်ကြ။ ရှေးဆရာ များ အပြစ်ကင်းပ ပို၍ကုသိုလ်ပညာရရန် စီမံတော်မူခဲ့ကြသည်၊ သို့ဟို၍ နမော တဿ က စဆို၍ သီလယူကြသည်၊

(ဆောင်) ဩကာသနှင့် နမောတဿ ယင်းပဒတို့
ဆရာ့ ဆရာ သူတော်စွာတို့ မဟာပညာ
ရရှိကြရန် စီစဉ်ပြန် ကေန်မှတ်ဖွယ်
ကောင်းသတည်း။

## သရဏဂုံနှင့်စပ် မှတ်သားဖွယ်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဖေဖော်ဝါရီ ၂၀၀၁

၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## ကြည့်ရှုရန် အနက်အဓိပ္ပာယ်

(၁) အဟံ၊ တပည့်တော်သည် (တပည့်တော်မသည်)။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဓမ္မံ၊တရားတော်မြတ်ကို။သရဏံ၊ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

သံဃံ၊ ရှစ်ပါးအရိယာသံဃာတော်ကို။ သရဏံ၊ကိုးကွယ် လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲ ဆည်းကပ်သိမှတ်ပါ၏။

(၂) ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ ကို။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ပါ၏။ ဒုတိယမ္ပိ၊ လည်း။ ဓမ္မံ၊ ကို။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ပါ၏။ ဒုတိယမ္ပိ၊ လည်း။ သံဃံ၊ ကို။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ပါ၏။

(၃) တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ ကို။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ပါ၏။ တတိယမ္ပိ၊ လည်း။ ဓမ္မံ၊ ကို။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ပါ၏။ တတိယမ္ပိ၊လည်း။ သံဃံ၊ ကို။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ပါ၏။

“သရဏဂမန” ဟူသောပါဠိမှ သရဏဂုံဟု ပါဠိသက် ဝေါဟာရ မြန်မာစကားဖြစ်လာသည်။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂမနံ၊ အသိအမှတ်ပြု၍ ဆည်းကပ်ခြင်း။ ဘုရားရတနာ, တရားရတနာ, အရိယာသံဃာရတနာသည် ကိုးကွယ်ရာအစစ် ဖြစ်၏ဟု အသိအမှတ်ပြု၍ ရိုရိုသေသေ လေးလေးမြတ်မြတ် ဆည်းကပ်လိုသောကုသိုလ်စိတ်ကို သရဏဂုံဟုခေါ်သည်။

(ဆောင်) ရတနာသုံးရပ်၊ မြတ်ထက်မြတ်ကို၊ ဆည်းကပ်
လိုမှု၊ ကုသိုလ်စု မှတ်ရှု သရဏဂုံ မည်၏တည်း။

မိမိသန္တာန်ဝယ် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် လိုသော စိတ်ဖြစ်နေကြောင်း ထင်ရှားပြသရန် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိဟူ၍ ရွတ်ဆို ခြင်းသည် သရဏဂုံဆောက်တည်ခြင်းမည်သည်။ ဗုဒ္ဓံ အရ ဘုရားဟုဆိုရာ၌ ဂုဏ်တော်အသင်္ချေ အနန္တ ရောင်ခြည်တော် ခြောက်သွယ် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်ရှစ်ဆယ် တရာ့ရှစ်ကွက် စက်လက္ခဏာတော် စသည်တို့နှင့်ပြည့်စုံတော်မူသော ဘုရားရှင်ကို ရည်မှန်းထား ရာ၏။

ဓမ္မံ အရ တရားဟုဆိုရာဝယ် မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သောတရားတော်ကို ရည်မှန်းထားရာ၏။

သံဃံအရ သံဃာတော်ကိုလည်းအရိယာသံဃာတော်ကိုပါ ရည်မှန်းရာ၏။ယုံယုံကြည်ကြည်တကြိမ်လောက် ဆောက်တည်ထားလျှင် ယုံကြည်စိတ် အားထားစိတ်မပျက်သရွေ့ သရဏဂုံတည်သည်မည်၏။

သရဏဂုံဆောက်တည်ပြီးအဆုံး၌ သီလပေးသည့် ရဟန်းသာမဏေက "သရဏဂမနံ ပရိပုဏ္ဏံ" ဟုဆို၏၊ သရဏဂမနံ၊ သရဏဂုံသည်။ ပရိပုဏ္ဏံ၊ သင်ရှဲ့သန္တာန်မှာပြည့်စုံပြီ။ သရဏဂုံတည်ပြီဟု ဆိုလိုသည်။ ထိုနောက်လူများက "အာမ ဘန္တေ" မှန်လှပါဘုရား လိုက်ဆိုကြပြန်၏။

## သရဏဂုံတည်ကျိုး လွန်ကြီးမား

ရှေးအခါက များစွာသော ကုန်သည်တို့သည် ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ပင်လယ်ခရီးသွားကြရာ သင်္ဘောပျက်လေ၏။ ထိုအခါ လူများစွာတို့သည် မိမိတို့ကိုးကွယ်သည့် နတ်များ၏ အမည်နာမတို့ကိုခေါ်ဝေါ်တမ်းတဆုတောင်းရှိခိုကြွေးကြလေသည်။ ထိုလူစုထဲတွင် အမျိုးသားတယောက်သည် သင်္ဘောမတက်ခင် သံဃာတော်အား အလှူဒါနပြုပြီး သရဏဂုံသီလဆောက်တည်ခဲ့လေသည်။ထိုအမျိုးသားသည် မကြောက်ရွံ့ပဲ ယောဂီကဲ့သို့တင်ပလ္လင်ခွေကာ သရဏဂုံသီလတို့ကို ဆင်ခြင်လေ၏။ ထိုအမျိုးသားထံမှ အခြားအမျိုးသားခုနစ်ရာတို့ကို သရဏဂုံနှင့် ငါးပါးသီလဆောက်တည်စေခဲ့လေသည်။ ယင်းပုဂ္ဂိုလ်ခုနစ်ရာအားလုံး ရေနစ်သေဆုံးကြရာ သရဏဂုံ၊ သီလ၏ တန်ခိုးကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ကြလေသည်။

သရဏဂုံသီလ ဆောက်တည်စေသော ဆရာ **အမျိုးသား၏** **ဗိမာန်မှာ** ယူဇနာ ၁၀၀ ရှိသည်။ **အမျိုးသား** ခုနစ်ရာတို့၏ **ဗိမာန်မှာ** အညံ့ဆုံး ၁၂ ယူဇနာရှိလေသည်။ ယင်းနတ်သား တို့သည် **သရဏဂုံသီလကို**ဆောက်တည်၍ ချီးကျူးမြွက်ဆို နတ်ပြည်၌ဖြစ်ရကား ပါဠိလို "သတုလ္လပကာယိက" နတ်သား တို့ဟုတွင်လေသည်။ သရဏဂုံနှင့် ငါးပါးသီလအကျိုးကား သို့ကလောက်ကြီးမားလှလေ၏။[၁]

(ဆောင်) သရဏဂုံသီလ ကျိုးဖလကား လွန်စွာလွန်စွာ
များလှပါ၏ သဒ္ဓါဇောဝင် လွန်ကြည်လင်၍
အစဉ်သရဏဂုံ တည်အောင်ကြိုးစားပါလော့။

ယင်းနတ်သားတို့သည် ဘုရားထံမှောက် ရောက်လာကြ ရာ တယောက်သော နတ်သားက—

သတ္ထိရေဝ သမာသေထ၊
သတ္ထိကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊
သေယျော ဟောတိ န ပါပိယော။[၂]

ဟု လျှောက်ထားလေသည်။

**ဂါထာအနက်**။ ။သတ္ထိရေဝ၊ သူတော်ကောင်း တို့နှင့်သာ လျှင်။ သမာသေထ=ပေါင်းဖော်ယှဉ်တွဲ မှီဝဲရာ၏။ သတ္ထိ= သူတော်ကောင်းတို့နှင့်။ သန္ထဝံ=ပေါင်းသင်းခြင်းကို။ ကုဗ္ဗေ-

---

၁။ သံ၊ဋ္ဌ၊၁၊၅၂-၅၃။ ၂။ ၁၊၁၆။

ထ၊ ပြုရာ၏။ သတံ၊သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ငါးပါး သီလတရားကို။ အညာယ၊ သိ၍။ သေယျော၊ ထူးမြတ် သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ န ဟောတိ၊ မဖြစ်။

## ငါးပါးသီလ (အဲရကျက်ရန် သိက္ခာပုဒ်များ)

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## ကြည့်ရှုမှတ်သားရန် အစိပ္ပါယ်

ဤသိက္ခာပုဒ် ငါးပါးကို ငါးပါးသီလဟုခေါ်သည်၊လူများ ထာဝစဉ် နိစ္စစောင့်ထိန်းရသောကြောင့် နိစ္စသီလဟုလည်း ခေါ်သည်။ ရာသက်ပန် မကျိုး မပေါက် မပျောက်မကျား အောင် သူတော်ကောင်းတို့ အလေးဂရုပြုရမည့် အကျင့်ဖြစ် သောကြောင့် ဂရုဓမ္မသီလဟုလည်း ခေါ်သည်။

## ဥပါသကာ, ဥပါသိကာ

ဖော်ပြပါ သရဏဂုံသုံးပါးတည့်၍ ငါးပါးသီလလုံခြုံလျှင် ဥပါသကာ,ဥပါသိကာမည်လေသည်၊ ရတနာ ၃-ပါး ဆည်းကပ်ကိုးကွယ်သူ သူတော်ကောင်း အမျိုးသား, သူတော်ကောင်း အမျိုးသမီး မည်လေသည်။

(ဆောင်) သရဏဂုံသုံး၀ သီလငါးအင် တန်ဆာဆင်၍ လူတွင်သူမွန် ဖြစ်စေသော်။

### ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ပါ၏ဟူလို။ သက်ရှိသတ္တဝါမှန်သရွေ့ကို မသတ်ရ။ သတ်ဆိုသည်မှာ သေစေလို၍ ကိုယ်တိုင်ဖြစ်စေ သူတပါးကိုစေခိုင်း၍ ဖြစ်စေ သတ်မှ သတ်ရာရောက်သည်။ မတော်တဆ လမ်းသွားယင်း နင်းမိ၍ သေသွားခြင်း စသည်များ သတ်ရာမရောက်ချေ။ မိမိဘာသာလည်း "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏-ဟူ၍ ရွတ်ဆို၍ ဆောက်တည်ကောင်းသည်။ အလောင်းတော်ဇနကမင်းသားသည် သင်္ဘောပျက်၍ ပင်လယ်ကြော မျောနေစဉ် ကိုယ့်ဘာသာဆောက်တည်၍ ၇-ရက်ပတ်လုံး ဥပုသ်စောင့်သုံးခဲ့သည်။

(ဆောင်) ပါဏာတိပါတာ ဝေရမဏီ စသည့်ထိုထို
သိက္ခာကိုလျှင် ကိုယ့်ဘာသာကိုယ် သဒ္ဓါပို
သဖြင့် ဆောက်တည်ကျင့်သင့်မြတ်အမွန်ပင်။

ဘုရားရှေ့မှာဖြစ်စေ, ရဟန်းသံဃာတော်များထံမှာဖြစ်စေ ဆောက်တည်လျှင်လည်း ဘုရားသံဃာကို ရိုသေရာရောက်သဖြင့် အလွန်လျှင် ကောင်းမြတ်ပါသည်။

လူမှစ၍ တိရစ္ဆာန်အမျိုးမျိုး ကြမ်းပိုးသန်းဥခရုယောက်သွား ကျွဲနွားဆိတ်သိုးဝက် ကြက်ငှက် စသည့်သတ္တဝါများကို သတ်ခြင်းမှရှောင်ကြဉ်ပါ၊ မရှောင်ကြဉ်လျှင် ငရဲသို့ကျရောက်ရသည့်ပြင် လွတ်လာပြန်ပါသော်လည်း--

မျက်စိနားနှာ အင်္ဂါခြေလက် ချို့ယွင်းပျက်စီးခြင်း၊ ဖြစ်ရာဘဝ၌ ရုပ်ရေစိုစိုပြေပြေမရှိပဲ ချောက်ကပ်ခြင်း၊ အားအင်ယိုယွင်းခြင်း၊ လျှင်မြန်ဖြတ်လတ်ခြင်းမှ ကင်းဝေးခြင်း၊ ဘေးအန္တရာယ်ကြုံလာလျှင် ကြောက်တတ်ခြင်း၊ သူတပါးအသတ်ခံရ၍ သေရခြင်း၊ အနာရောဂါများခြင်း၊ ရောဂါထူခြင်း၊ အခြွေအရံပျက်စီးခြင်း၊ အသက်တိုခြင်း—

ဤသို့စသည်ဖြင့် အပြစ်တွေများလှချေ၏။

ပါဏာတိပါတ ရှောင်ကြဉ်လျှင် လူ့ပြည် နတ်ပြည် စုံကာ ဆန်ကာဖြစ်ရပြီး အင်္ဂါ ခြေလက် ပြည့်စုံခြင်း စသည့် အပြန်အကျိုးများရလေသည်။

(ဆောင်) ပါဏာတိပါတ် သူ့သက်သတ်က ချိုလတ်အင်္ဂါ
မဲ့ပြာရုပ်သွင် အားအင်ယိုယွင်း လျှင်ခြင်းလည်း
ဝေးဘေးကိုကြောက်တတ် အသတ်ခံရာ အနာ
များလျက် ခြွေရပျက်၍အသက်တိုလျ ပြစ်မှား
စွာ့ ရှောင်ကအပြန် အကျိုးရသတည်း။

## အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

အဒိန္နာဒါနာ၊ အရှင်မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ကောင်းသောသိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

မိမိမှတပါး အခြား လူနတ်တိရစ္ဆာန် ဟူသမျှကို သူတပါးချည်းဟု မှတ်လေ။ ထိုသူတပါးဥစ္စာကို ခိုးယူခြင်း လုယူခြင်း ဓမြတိုက်၍ယူခြင်း လှည့်ပတ်၍ယူခြင်း စသည်သည် အဒိန္နာဒါနချည်း ဖြစ်လေသည်။

## အဒိန္နာဒါနာ အပြစ်တွေ့

သူတပါးဥစ္စာကို ခိုးယူသူသည် သေလျှင် ငရဲပြိတ္တာတို့၌ ဖြစ်တတ်သည်။ ယင်း ငရဲပြိတ္တာဘုံများမှ လွတ်လာပြန်လျှင်လည်း မွဲတတ်သည်၊ ဆင်းရဲတတ်သည်၊ ငတ်မွတ်တတ်သည်။ အလိုရှိသောအရာဝတ္ထုကို မရပဲရှိတတ်သည်။ စည်းစိမ်ပျက်စီးတတ်သည်။ ရေဘေး မီးဘေး မင်းဘေး သားဆိုး သမီးဆိုးတို့ကြောင့် စည်းစိမ်ပျက်တတ်သည်။အဒိန္နာဒါနာမှရှောင်ကြဉ်လျှင် လူ့ ရပ် နတ်ဌာန် ဟူသော သုဂတိဘုံဘဝ၌ဖြစ်ရ၍ပစ္စည်း

ဥစ္စာ ပေါများခြင်း, ချမ်းသာခြင်း, စားဖွယ် သောက်ဖွယ် အလှံ့ပယ် ပေါများခြင်း စသော အပြန်အကျိုးများကို ရနိုင်လေသည်။

(ဆောင်) အဒိန္နာဒါ ခိုးမိပါမူ ဥစ္စာနည်းမဲ့ ဆင်းရဲငတ်ဘိ လိုရှိမရ ဘောဂပျက်စီး ရေမီးသူခိုး မွေခံဆိုးနှင့် မင်းဆိုးအပြား ရန်မျိုးငါးကြောင့် ပျက်ပြားမနေ ပြစ်များစွာသည် ရှောင်က အပြန် အကျိုးရသတည်း။

## ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ကောင်းသော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ သူ့မယားကို လွန်ကျူးခြင်း (မိမိလင်ယောကျ်ားမှတပါး အခြားလင်ယောကျ်ားနှင့် ဖောက်ပြားခြင်း)မှ ရှောင်ကြဉ်ပါ၏ ဟူလို။

သူများပိုင် ဇနီးမယားနှင့်လည်းကောင်း, ဆွေမျိုးနီးစပ်တို့ စောင့်ကြပ်ထိန်းသိမ်းသော အမျိုးသမီးများနှင့် လည်းကောင်း အချင်းချင်း သဘောတူတူ မတူတူ လွန်ကျူးဖောက်ပြားသော ယောကျ်ားများ၏ အကျင့်, မိမိပိုင်ယောကျ်ားမှ ဖောက်ပြား၍ အခြားယောကျ်ားတပါးနှင့် ပျော်ပါးသော မိန်းမများ၏အကျင့်သည် ကဲ့ရဲ့ထိုက်စွာ ယုတ်မာ မှားယွင်းသော အကျင့်မည်၏။ ကာမေသုမိစ္ဆာစာရမည်၏။

ကာမေသုမိစ္ဆာစာရ ကျူးလွန်သူများ သေလျှင် ငရဲကျ တတ်သည်။ ငရဲကလွတ်၍ လူဖြစ်ပြန်လျှင်လည်း မုန်းသူများ ခြင်း, ရန်သူများခြင်း, လာဘ်လာဘ ရှားပါးတိတ်ဆိတ်ခြင်း မိန်းမဖြစ်ရခြင်း၊မိန်းမလည်းမဟုတ် ယောကျ်ားလည်းမဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း ယောကျ်ားဖြစ်လျှင်လည်း ယုတ်ညံ့သော အမျိုး၌ ဖြစ်ရခြင်း အရှက်ကွဲရခြင်း အင်္ဂါလက္ခဏာ ဂုဏ်ရွေ့ ချို့တဲ့ခြင်း၊စိုးရိမ်ကြောင့်ကြအားကြီးခြင်းချစ်သူနှင့်ကွေကွင်း ကွဲကွာရခြင်းဟူသော အပြစ်တွေ ရတတ်သည်။ ကာမေသု မိစ္ဆာစာရမှ ရှောင်ကြဉ်လျှင် သေလျှင် လူ့ပြည် နတ်ပြည်၌ ဖြစ်ရပြီး ချစ်ခင်သူ ပေါများခြင်း၊ ရန်သူမရှိခြင်း၊ လာဘ် သပ္ပကာ ပေါများခြင်းစသော အပြန်အကျိုးများကို ရနိုင် လေသည်။

(ဆောင်) မိစ္ဆာစာရ ကျူးလွန်ကလည်း မုန်းကြသူများ ရန်သူပွား၍ ရှားပါးလာဘ်တိတ် ချမ်းသာဆိတ်၏ ဂုတ္တိပဏ္ဍုက် မျိုးယုတ်ခါခါ မျက်နှာမလှ အရှက် ရလျက် လက္ခဏာဂုဏ်ရွေ့ ယွင်းချွေ့ချို့သိမ် စိုးရိမ် များလှ ချစ်သူပသည်[၁] ရှောင်ကအပြန် အကျိုး ရသတည်း။

မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ကောင်းသော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ လိမ်လည် ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

---

၁။ ချစ်သူနှင့် ကင်းကွာသည်၊ ပသည် ပြင်ပဖြစ်သည် ဟူလို။

## မုသာဝါဒအပြစ်များ

မုသာဝါဒအပြစ်များကား ငရဲကျရောက်အောင်ပင် အပြစ်ကြီးလှသည်၊ ဒေဝဒတ်သည် သံဃာသင်းခွဲရာ၌ မုသား ပြော၍ ခွဲရသည်။ ယင်းမုသားကြောင့် ဒေဝဒတ်အဝီစိငရဲ ကျရသည်။ စေတိယမင်းသည်လည်း မုသားကြောင့် အဝီစိသို့ ကျရောက်ရလေသည်။

(ဆောင်) မုသားစကား ပြောကြားသုံးစွဲ
ပါယ်ငရဲ မလွဲကျတတ်သည်။

ထို့ကြောင့် မင်းပျို မုသားကို မဆိုမပြော ရှောင်ပါလေ။

ငရဲမှလွတ်၍ လူဖြစ်လျှင်လည်း စကားမပီမသဖြစ်တတ်သည်၊ သွားမညီမညာ ဖြစ်တတ်သည်၊ ခံတွင်းပါးစပ်ပုပ်ညှီတတ်သည်၊ ကိုယ်ရေအသားမစိုမဖတ်ပဲ ခြောက်ကပ်ကပ်ရှိတတ်သည်။ မျက်စိ နားစသော ဣန္ဒြေများ မကြည်နောက်ကျုဖြစ်တတ် သည်။ ပုံပန်းမကျဖြစ်တတ်သည်၊ သြဇာ မသြောင်းဖြစ်တတ် သည်။ အပြောအဆို နှုတ် လျှာများ ကြမ်းတမ်းသည်၊ လျှပ် ပေါ်လော်လည်တတ်သည်။ မုသာဝါဒမှ ရှောင်ကြဉ်လျှင် သေလျှင် လူ့ ပြည် နတ်ပြည်၌ ဖြစ်ရပြီး စကားပီပီသသ ပြောဆိုနိုင်ခြင်း, သွားများညီညာချောပြေလှပခြင်း စသော အပြန်အကျိုးများရနိုင်လေသည်။

(ဆောင်) မုသားစကား ပြောဆိုငြားမူ စကားမပြီ
သွားမညီတည်း ပုပ်ညှီပါးစပ် ခြောက်ကပ်
ကိုယ်ရေ ဣန္ဒြေနောက် ပုံယွင်းဖောက်၏
မရောက်သြဇာ နှုတ်လျှာကြမ်းထော် လျှပ်
ပေါ်လော်လီ စိတ်တည်ကင်းပ ရှောင်ကြဉ်က
အပြန်အကျိုးရသတည်း။

**သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ**

သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ၊ မေ့လျော့ပေါ့ဆခြင်း၏ အကြောင်းဆတ်ဆတ် မူးယစ်စေတတ်သော သေရည်သေရက်ကို သောက်စားခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းကောင်းသော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

သေရည်သေရက်ဟုဆိုသော်လည်း ယခုခေတ်တွင် သုံးစွဲနေကြသော ဘိန်း ကုတ်ကင်းဆေးခြောက် ဘိန်းဖြူ မော်ဖီးယားစသည်တို့လည်း ပါဝင်သည်။

**သေရည်သေရက်သောက်ခြင်း၏အပြစ်**

သေရည်အရက်သောက်မိလျှင် ဘာမဆို လုပ်ရဲတော့သည်၊ မာတုဃာတက၊ ပိတုဃာတက စသော ကံကြီးများကိုပင် ကျူးလွန်ရဲလာသည်၊ ၎င်းပြင် အကျိုးအကြောင်းအဆိုးအကောင်း ဇရေးအခွင့် မသိတတ်ခြင်း, ပျင်းရိခြင်း, မေ့လျော့မှုများခြင်း, သူ့ကျေးဇူးကို မသိခြင်း,အရှက်အကြောက်မှ ကင်းခြင်း, မည်သည့်မကောင်းမှုမျိုးကို မဆိုပြုခြင်း စသော

အဖြစ် တွေ့ရတတ်သည်။ သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်လျှင် ယင်းမှ အပြန် ကောင်းကျိုးများရနိုင်လေသည်။

(ဆောင်) သေရည်သောက်လင့် သင့်မသင့်၌ ရေးခွင့်မသိ ပျင်းရိမ့်ရှူး ကျေးဇူးမဆပ် ဟိရောတ္တပ်ကင်း ခပင်းများထို အကုသိုလ်ကို မငြိုလွယ်စွာ ပြုကျင့်ရာသည် ရှောင်ခါအပြန်အကျိုးရသတည်း။

အနုဿတိ ငါးပါးရှိခိုး

ဘုရားရှင်။ ။ဗုဒ္ဓဂုဏော အနန္တောဟု ကျော်စောထင်ရှား သုံးပါးရပ်သူ နတ်လူပြဟ္မာ သတ္တဝါကို ခေမာ-သာခေါင် နိဗ္ဗာန်သောင်သို့ ရွှေဖေါင်မဂ္ဂင် သဘောယာဉ်ဖြင့် ကယ်တင်ဆောင်ယူပို့တော်မူသည် နတ်လူတို့ထိပ်ပန်း ရဟန်းတို့ဆရာ အစိန္တေယျာဟု အနန္တဂုဏ်အင် ကျေးဇူးရှင်ကို ကြည်လင်သဒ္ဓါ စေတနာဖြင့် လွန်စွာရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးချပါ၏ဘုရား။

တရားတော်။ ။ဓမ္မဂုဏော အနန္တောဟု တည်သောကမ္ဘာ သတ္တဝါလူနတ် အရပ်ရပ်ကို လေးမြတ်ကြင်နာ အဝိဇ္ဇာနှင့် တဏှာသံယော ကိုလေတောမှ ဆေးကြောသုတ်သင် မှုမတင်အောင် ရှောင်ကြဉ်ပေတတ် တရားမြတ်ကို မြတ်လေးကော်ရော် ပူဇော်ရှိခိုးပါ၏ဘုရား။

**သံဃာတော်။** ။သံဃဂုဏော အနန္တောဟု လောဘ ဒေါသ မောဟကင်းကွာ တဏှာကာမ ကိလေသာနှင့် ရာဂအမိုက် နှစ်ခြိုက်မပျော် မမွေ့လျော်ပဲ ရှင်တော်ဟောကြား မြတ်တရားကို မှတ်သားကြည်ညို မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းမှန်သည့် မြတ်မှန်ဆရာကျော် သံဃာတော်တို့ ဂုဏ်တော်ကြီးစွာ အနန္တကို တုပ်ကူကော်ရော် တပည့်တော်သည် ပူဇော်ရှိခိုး ကန်တော့ပါ၏ဘုရား။

**မိဘ ၂-ပါး။** ။မာတာပိတုဂုဏော အနန္တောဟု အပြောကျယ်စွာ သံသာရာဝယ် မာတာပိတာ မိနှင့်ဖတို့ ရေကြည်ကလလ တည်ဦးစကာ စူးနှူးဥပူစပ်ရှင်းရှင်းပြတ်အောင် မပြတ်ယုယ မိဘတို့မှာ စိုးရိမ်စွာနှင့် အစာဆိမ့်အေး နို့ချိုပေး၍ မွေးသမိခင် ကျေးဇူးရှင်နှင့် ထို့ပြင်တဝ မွေးဘခင်ကို လွန်လျှင်ရိုကျိုး မြတ်မြတ်နိုး၍ ရှိခိုးဦးချလိုက်ပါသဘည်း။

**ဆရာသခင်။** ။အာစရိယဂုဏော အနန္တောဟု မိန့်ဟော အရ ကောက်ယူပြသော် နယနည်းနာ အဖြာဖြာကို လိမ္မာစေကြောင်း မေတ္တာလောင်း၍ မကောင်းကိုကြဉ် ကောင်းရာယှဉ်လျက် နှုတ်မြွက်သံချို ဆုံးမဆိုသား အဟိုမျှားစွာ သံသရာဝယ် သုံးသွယ်သောကပ် လေးရပ်အပါယ် ရှစ်သွယ်ရပ်ပြစ် ဆိုးညစ်ယုတ်မာ အဖြာဖြာကို ခေမာဘူမိ ဘေးမရှိအောင် နိဗ္ဗာန်သောင်သို့ ရောက်အောင်ပြည့်သွန်သင်ပေတတ် ဆရာမြတ်ကို ဦးညွှတ်မာန်လျှော့ ကန်တော့ရှိခိုးပါ၏ဘုရား။

## ဥပုသ်သီလ (ရှစ်ပါးသီလ) တောင်း အစီပွါယ်ဖွင့်အကျဉ်း

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါ·သထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂသမန္နာ·ဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ·ဒေထ မေ ဘန္တေ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည် (တပည့်·တော်မသည်)။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ ရှစ်ပါးကုန်သော အင်္ဂါနှင့် ပြည့်စုံ·သော။ဥပေါသထသီလံ၊ ဥပုသ်သီလဟူသော။ ဓမ္မံ၊ သိက္ခာပုဒ်တရားတော်ကို။ ယာစာမိ၊ တောင်းပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား (တပည့်တော်မအား)။ အနုဂ္ဂဟံ၊ ချီးမြှောက်မှုကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ သည်။ တိသရဏေန၊ နှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂ·သမန္နာဂတံ၊ သော။ ဥပေါသထသီလံ၊ ဟူသော။ ဓမ္မံ၊ ကို။ ယာစာမိ၊ ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အား။ အနုဂ္ဂ·ဟံ၊ ကို။ ကတွာ၊ ၍။ သီလံ၊ ကို။ ဒေထ၊ ကုန်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ သည်။ တိသရဏေန၊ နှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ သော။ ဥပေါသထသီလံ၊ ဟူသော။ ဓမ္မံ၊ ကို။ ယာစာမိ၊ ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အား။ အနုဂ္ဂဟံ၊ ကို။ ကတွာ၊ ၍။ သီလံ၊ ကို။ ဒေထ၊ ကုန်ဘုရား။

အရှင်ဘုရား တပည့်တော်(တပည့်တော်မ)သည် သရဏဂုံ သုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးရှိသော သီလကို တောင်းပါ၏၊ တပည့်တော်အား (တပည့်တော်မအား) သနားသဖြင့် သီလ ပေးတော်မူပါ ဆိုလိုသည်။ အလေးဂရုပြုသည့်အနေဖြင့် ၃-ကြိမ်တိုင် တောင်းသည်ဟု သိရာ၏။

ရှစ်ပါးသီလနှုတ်ရကျက်ရန် သိက္ခာပုဒ်များ

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁-၂-၄-၅-သိက္ခာပုဒ်များ အစိပ္ပာယ် ငါးပါး သီလအခန်း၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။

အပြဟ္မစရိယအစိပ္ပါယ်

အပြဟ္မစရိယာ၊ မမြတ်သော မေထုန်အကျင့်မှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ဆောက်တည်ပါ၏။မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏ဟူလို။ ဥပုသ်စောင့်သူသည် မေထုန်မမှီဝဲရဘူး။ ဥပုသ်ယူထားသည့်နေ့မှာ သမီးခင်ပွန်း ၂-ဦး မတွေ့မမြင်ရခြင်းသည် အကောင်းဆုံးဖြစ်၏။ အိမ်ထောင်မရှိသော သူတော်စင်များ, ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို အထူးမဆောက်တည်ပဲ ဤအပြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည်ခြင်းသည် သာလွန်မွန်မြတ်သောအကျိုးကို ရနိုင်လေသည်။ကဿပဘုရားရှင် လက်ထက်တော် အခါက ခေမာ· ထေရီ, ဥပ္ပလဝဏ်ထေရီ, ပဋ္ဌာစာရီ, ဓမ္မဒိန္နာ, ကုဏ္ဍလ ကေ- သီထေရီ, ကိသာဂေါတမီထေရီ, ဝိသာခါ တို့၏ အလောင်း အလျာများ ဖြစ်ကြသော ညီမခုနစ်ဖော် ကိကီမင်း၏ သမီးတော်တို့သည် ငယ်စဉ်ကပင် အနှစ် ၂-သောင်းတိုင်အောင် ဖြူစင်စွာ ဤအပြဟ္မစရိယသိက္ခာပုဒ်ကို စောင့်သုံးခဲ့ကြသည်။ ဤအကျင့်မျိုးကို မိန်းမများအတွက် ကောမာရီ ပြဟ္မစရိယ ဟု ခေါ်၍ ယောကျ်ားများအတွက် ကောမာရ ပြဟ္မစရိယ<sup></sup>ဟု ခေါ်သည်။

---

၁။ ငယ်ရွယ်အမူ ဖြူစင်သူတို့၏ ဥစ္စာဖြစ်သော မြတ်သော အကျင့်ဟူလို။

ကောမာရဗြဟ္မစရိယသီလ ဆောက်တည်လိုလျှင် "အဟံ ဘန္တေတိသရဏေန သဟ ကောမာရဗြဟ္မစရိယသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။ ဒုတိယမ္ပိ တတိယမ္ပိ စသည်။ ငါးပါး သီလတွင် ကာမေသု မိစ္ဆာစာရနေရာ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟု ဆိုရာ၏။

### ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

ဝိကာလဘောဇနာ၊ နေလွဲရာအခါ အစာစားခြင်းမှ။ ဝေရမဏီ-သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ကောင်းသော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။ နေလွဲသည်ကစ၍ အရုဏ်တက်သည်တိုင်အောင် အဖျော်, ဆေး, စတုမဓု—စသည်မှ တပါး ထမင်းဟင်းလျာမုန့်မျိုးစုံကွမ်းဆေးလက်ဖက်သစ်သီးဟူသမျှမစားရချေ။ ညစာမစားသည့်အတွက် အမှုကိစ္စနည်း၍ တရားအာရုံပြုရန်အချိန်များစွာရခြင်း, လောကီအာရုံ ကာမဂုဏ်၌ စိတ်မဝင်စားအောင် ချုပ်တည်းပြီး ဖြစ်ခြင်း ဟူသောအကျိုးများကို ရနိုင်သည်။

(ဆောင်) ကိစ္စနည်းပါး တရားအလုပ် မှုချပြုရ
ကာမဂုဏ်ဝယ် စိတ်မတွယ်အောင်
ကျင့်ဆောင်ချုပ်နိုင် ဤနှစ်ဆိုင်
စွဲပိုင်ဝိကာလ ဘောဇန ဝိရတီအကျိုးတည်း။

## နစ္စဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကာမစိတ်ဓာတ် တိုးပွားခြင်း၏ အကြောင်း မကောင်းမှု ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, သာသနာတော်၏ ငြောင့်တံကျင်ပမာ ဖီလာ ဖြစ်သော ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်းနံ့သာပျစ်တို့ကို နိမ့်ရာအာရပ်၌ဖို့ခြင်း, နံ့သာရည် နံ့သာမှုန့်တို့ကို လိမ်းကျံခြယ်သခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းကောင်းသော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ကာမဂုဏ် စိတ်ဓာတ်တိုးပွားကြောင်း ကခြင်း, သီခြင်း, ဆိုခြင်း, တီးမှုတ်ခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, အနံ့ထုံခြင်းတို့မှ ရှောင်ကြဉ်ပါ၏ဟူလို။ ဥပုသ်နေ့၌ ရေဒီယိုဇာတ်လမ်း သီချင်း များ,ကက်ဆက် သီချင်းများကိုလည်း ရှောင်ကြဉ်ရာ၏။ နံ့သာစသည်များကို အနာရှိနေလျှင် လိမ်းကျံ ကောင်းသည်။ တချို့ဒကာမတွေ ဥပုသ်စောင့်လာယင် သနပ်ခါးတွေ လိမ်း လာတတ်ကြသည်။ မလိမ်းပါနှင့်။

## ဥစ္စာသယနမဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ မြတ်သော နေရာ၌ အိပ်ခြင်းထိုင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းကောင်းသော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ မြင့်သောနေရာ မြတ်သောနေရာ၌အိပ်ခြင်း ထိုင်နေခြင်းမှရှောင်ကြဉ်ပါ၏ဟူလို။ ခြေထောက် တတောင့်

ထွာထက်ရှည်သောအိပ်ရာ, ခုတင်နှင့် ကုလားထိုင်ကြီးများ သည် ဥစ္စာသယနတည်း။ အမွေးရှည်ဇိမ်ခံ ကော်ဇောကြီး ခြင်္သေ့ရုပ် သစ်ကျားရုပ် ဒေါင်းရုပ် စသည်တို့ဖြင့် ဆန်းကြယ် သော သားမွေး အခင်း, ရွှေချည်ငွေချည် တို့ဖြင့် ချုပ်ထား သည့် ပိုးခင်းစသည်သည် မဟာသယနတည်း။ တဏှာလောဘ ကိလေသာကာမစိတ်တို့ဆို့ ပိတ် ရန် ဥစ္စာသယန သိက္ခာပုဒ် ကို ထားတော်မူသည်။

## ဥပုသ်နေ့ဝယ် ပြုလုပ်ဖွယ်

ဥပုသ်နေ့မတိုင်မီကပင် ဥပုသ်နေ့ဝယ် ဥပုသ်စောင့်မည်ဟု စိတ်စောထားရာ၏။ ဥပုသ်နေ့တွင် အိပ်ရာမှ စောစောထပြီး ဆွမ်းချက်ခြင်း, အများတကာတို့ကို ဥပုသ်စောင့်ရန်နှိုးဆော် ခြင်း, မိမိကိုယ်တိုင် ဥပုသ်စောင့်ရန် ပြင်ဆင်ခြင်းတို့ကို ပြုလုပ် ၍ ကိုယ်လက်သုတ်သင် ခန္ဓာကိုယ်အတွင်းအပြင် သန့်စင်စေ ပြီး နီးရာကျောင်းသွား၍ ရှစ်ပါးသီလတောင်းပြီး, တနေရာရာ ချောင်တခုခု သို့မဟုတ် သစ်ပင်ရင်း, ဇရပ်စသည်၌ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေပြီး(ကျုံ့ကျုံ့ထိုင်ပြီး)ဗုဒ္ဓဿ ဇီဝိတံ ပရိစ္စဇာမိ= အသက်ကို ဘုရားအားစွန့်ပါ၏ဟု ရွတ်ဆိုပြီး အားလုံးသော သတ္တဝါတွေ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါ စေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေဟုဆို၍ မေတ္တာပို့ပါ ရင်းနောက်—

ကိုယ်နှင့်ရှယ်တူ ကိုယ့်အောက်လူ ကြီးသူသေကြများလှပြီး ခဏမစဲ အိုစမြဲ ကိုယ်လဲသေဘက်နီးလှပြီ၊
သေနေ့စေ့က တနေ့ကျ မုချကေန် သေလိမ့်မည်

ဟူ၍ မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွားများ ဆင်ခြင်ပြီး လျှင် မိမိရှေ့တည့်တည့် ငါးတောင်ကွာခန့်၌ သက်တော် ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီး ကြွလာထိုင်နေတော် မူသည်ဟု အာရုံပြုပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ငါ့ရှေ့ ထိုင်နေတော်မူလာလေပြီ ဟု စိတ်ထဲ၌ ထင်လာသောအခါ အောက်ပါအတိုင်း ဘုရားဂုဏ်တော်ကို ၁-နာရီ, ၂-နာရီ, ၃- နာရီခန့် နှလုံးသွင်းပါ ပွားများပါ အောက်မေ့ဆင်ခြင်ပါ။

၁။ အရဟံ=ကိလေသာရန်သူတို့ကို သတ်တော်မူတတ် သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါ တကား။

၂။ သမ္မာသမ္ဗုဒ္ဓေါ=တရားဥဿုံ အလုံးစုံကို မဖောက် မပြန် ကိုယ်တော်တိုင် သိတော်မူပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော=ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါး ပါး နှင့် ပြည့်စုံ တော် မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၄။ သုဂတော=ကောင်းသောစကားကို ဆိုတော်မူတတ် သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါ တကား။

၅။ လောကဝိဒူ=လောက သုံးပါး ကို သိတော်မူတတ် သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါ တကား။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ=အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၇။ သတ္ထာဒေဝမနုဿာနံ=ဗြဟ္မာနတ်လူတို့၏ ဆရာဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၈။ ဗုဒ္ဓေါ=သစ္စာလေးပါး တရားကို သိတော်မူတတ်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

၉။ ဘဂဝါ=ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား။

ဤကား ဘုရားဂုဏ်တော် အကျဉ်းချုပ်ဖြစ်သည်။

ယင်းသို့ပွားများလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုသော်လည်းကောင်း, အချို့ရွှေဆင်းတုတော်ကိုသော်လည်းကောင်း ဖူးတွေ့အာရုံ ထင်မြင်လာတတ်သည်။ ဤသို့ ဘုရားစီနော် ဂုဏ်တော်ကို ပွားများသဖြင့် စိတ်ဝယ်အလိုရှိသမျှ ပြည့်ဝနိုင်၏ဟု ဟောတော်မူသည့်အပြင်—

စေတီအတူ စိတ်မူတည်ကြည် ရောက်မည်နတ်ရွာ
တွေ့ခါသိလွယ် မြတ်နွယ်အမျိုး ရိုးကျိုးခံရ ပြည့်ဝအင်္ဂါ
ဆင်းလုစွာနှင့် ကာယခံတွင်း ကြိုင်သင်းမွှေးကြူ
ကြီးမူပညာ နက်စွာထက်ရှင် လျှင်မြန်ဆန်းကြယ်
ကောင်းကြွယ်စကား ဆိုနိုင်ငြားသည်
ဘုရားဂုဏ်တော် ပွားကျိုးတည်း။

ဟူသည်နှင့်အညီ လာရှိသည့်အကျိုး ၁၇-မျိုးကို ရရှိနိုင်လေသည်။

ဘုရားဂုဏ်တော်ပွားပြီးလျှင် အံ့ဖွယ်တော် ၁၈-ပါး ဘုရားရှိခိုးကိုရှုဆင်ခြင်၍ ရှိခိုးရာ၏။ ဘုရားဝတ်တက်ချိန်တွင် အသံထုတ်၍လည်း ရှိခိုးနိုင်ပါသည်။

အံ့ဖွယ်တော် ၁၈-ပါး ဘုရားရှိခိုး

၁။ တိုရှည်မရှိ နှစ်သစ်ရှိလတ် ဆံတော်မြတ် သိမှတ်အံ့ဖွယ်တော်။

၂။ ရွှေကြာသကန်း ဝတ်ရုံလှမ်းလည်း ညစ်နွမ်းမရှိ ပကတိ သိရှိအံ့ဖွယ်တော်။

၃။ မြတ်ဘုရားနှင့် ရှစ်ပါးပရိက္ခရာ ကင်းကွာလေးသစ် မပ်ထိလစ် စင်စစ်အံ့ဖွယ်တော်။

၄။ အလိုရှိတော် သပိတ်တော်သည် လက်ပေါ်ချက်ချင်း ရောက်လာလျှင်း ထင်လင်းအံ့ဖွယ်တော်။

၅။ လက်တော်ဆေးလျှင် သပိတ်စင်နှင့် သပိတ်ဆေးလျှင် လက်တော်စင် မြတ်ရှင် အံ့ဖွယ်တော်။

၆။ မိုညင်းစေ့တွင်း မြတ်ရှင်ရင်းသည် ကြွခြင်းဖန်ဖန် မြတ်စကြံ့ အမှန်အံ့ဖွယ်တော်။

၇။ ဆယ်မျက်နှာဝယ် ရောင်ခြောက်သွယ်တို့ ပြန့်ကျယ် လွှမ်းခြုံ ထွန်းလင်းတုံ မှတ်ယုံအံ့ဖွယ်တော်။

၈။ မြတ်ဘုရားနှင့် အလားနည်းတူ ဆူဆူဘုရား ဖန်ဆင်း ပြား များပြားအံ့ဖွယ်တော်။

၉။ ဇာတိအာဏာ ဝိသယာအား ခေတ်သုံးပါးမှာ ရောင်ဝါ လင်းမှု မှောင်အောင်ပြု၍ မှောင်ထုအစု လင်းအောင် ပြု မှတ်ရှုအံ့ဖွယ်တော်။

၁၀။ တရားဒေသနာ ဟောသောခါဝယ် အင်္ဂါရှစ်ရပ် သံတော် မြတ်ကို ထက်ရပ်ဘဝဂ် အောက်ဘက်ဝီစိ ကြားစေဘိ မှတ်သိအံ့ဖွယ်တော်။

၁၁။ ဝတိံနန်းမှ ကြွမြန်းဆင်းရာ ထိုအခါဝယ် လူမှနတ်မြင် နတ်ပင်လူက ချက်ချင်းပ မြင်ရအံ့ဖွယ်တော်။

၁၂။ ပဋိသန္ဓေ စံနေသောခါ ဖွားမြင်ခါနှင့် ဖြစ်ခါဘုရား ဟောကြားဓမ္မစက် လွှတ်ချက်အာယု စံမှုနိဗ္ဗာန် ဤ ခြောက်တန်ဝယ် အောက်ခံမြေကြီး တုန်လှုပ်ပြီးခါ နိမိတ်ဖြာ ဖြစ်လာအံ့ဖွယ်တော်။

၁၃။ မြင်းမိုရ်ထိပ်ပန်း ဝတိံနန်းဝယ် နှစ်လှမ်းသုံးဖဝါး နင်းကြွသွား ဘုရားအံ့ဖွယ်တော်။

၁၄။ မြေ၌ချသော် မြတ်ဇီနော်မှာ ခြေရာတော်ပင် နင်းမထင် ကြည်လင်အံ့ဖွယ်တော်။

၁၅။ ကျွတ်သင့်မကျွတ်သင့် ပိုင်းဖြတ်လင့်၍ နှုရင့်ဣန္ဒြေ သိမြင်ပေ မှတ်လေအံ့ဖွယ်တော်။

၁၆။ မျက်လုံးနားတော် ရေသော်များစွာ ကိုယ်အင်္ဂါမှ ရောင်ဝါထိန်ညီး ရေမီးအစုံ တန်ခိုးဂုဏ် ကြည်ယုံအံ့ဖွယ် တော်။

၁၇။ ပရမတ် ပညတ် များလတ်ဖုံဖုံ တရားစုံကို အကုန်အစင် မသိမြင်အောင် ပိတ်ပင်ဆီးတား မရှိငြား ထင်ရှားအံ့ ဖွယ်တော်။

၁၈။ ဉေယျငါးခု တရားစုကို သဗ္ဗညုတ် မြတ်ရွှေဉာဏ်ဖြင့် ကြွင်းကျန်မရှိ အကုန်သိ မုနိအံ့ဖွယ်တော်။

အံ့ဖွယ်တော်ဖြစ် တဆယ့်ရှစ်နှင့် များလစ်ဂုဏ်တော် တန်ခိုး တော်ဖြင့် ထင်ပေါ်ကျော်ကြား ရှင်တော်ဘုရားကို ဝတ်တွား ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

၎င်းပြင် တရားဂုဏ်တော် ၆-ပါးကိုလည်း အောက်ပါ အတိုင်း ရှုမှတ် ဆင်ခြင်ပွားများရာ၏။

၁။ သွာက္ခာတော=မြတ်စွာဘုရား ကောင်းစွာ ဟောကြား အပ်သော ပရိယတ် မဂ်ဖိုလ်နိဗ္ဗာန်တရား ဆယ်ပါးပါတကား။

၂။ သန္ဒိဋ္ဌိကော=ကိုယ်တိုင်ကိုယ်ကြပ် ရှုမြင်အပ်သော မဂ် တရားလေးပါး ပါတကား။

၃။ အကာလိကော=အခါမလင့်အခြားမဲ့၌ ဖိုလ်အကျိုးကို
ဖြစ်စေတတ်သော မဂ်လေးပါးတရားတော်
ပါတကား။

၄။ ဧဟိပဿိကော=လာလှည့်ရှုလှည့်ဟု ဖိတ်ခေါ်တိုက်တွန်း
အပ်သော အစီအရင်ကို ခံထိုက်သောမဂ်ဖိုလ်
နိဗ္ဗာန်တရား ကိုးပါးပါတကား။

၅။ ဩပနေယျိကော=ကပ်ရှုမကင်း ဆောင်ယူခြင်းငှါထိုက်
သော မဂ်ဖိုနိဗ္ဗာန် တရားကိုပါးပါတကား။

၆။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ=ဥဂ္ဃဋိတညူစသော အရိယာ
ပုဂ္ဂိုလ်တို့သည် မိမိ မိမိစိတ်၌ သိအပ်ခံစားအပ်
သော မဂ်ဖိုလ်နိဗ္ဗာန် တရားတော်ပါတကား။

သံဃာ့ဂုဏ်တော် ၉-ပါးကိုလည်း အောက်ပါအတိုင်း ပွား
များရာ၏။

၁။ သုပ္ပဋိပန္နော=ကောင်းမြတ်သောအကျင့်ကို ကျင့်ဆဲကျင့်
ပြီးဖြစ်သော အရိယာ သံဃာတော် ရှစ်ပါး
အပေါင်းပါတကား။

၂။ ဥဇုပ္ပဋိပန္နော=ဖြောင့်မတ်သော အကျင့်ကို ကျင့်ဆဲ
ကျင့်ပြီး ဖြစ်သော အရိယာ သံဃာတော်
ရှစ်ပါးအပေါင်းပါတကား။

၃။ ဉာယပ္ပဋိပန္နော=နိဗ္ဗာန်အကျိုးငှါ ကျင့်ဆဲကျင့်ပြီး ဖြစ်
သော အရိယာ သံဃာတော် ရှစ်ပါးအပေါင်း
ပါတကား။

၄။ သာမိစိပ္ပဋိပန္နော=ရိုသေသမှု ပြုထိုက်အောင် ကျင့်ဆဲ ကျင့်ပြီးဖြစ်သော အရိယာသံဃာ ရှစ်ပါး အပေါင်းပါတကား။

၅။ အာဟုနေယျော=ဝေးရပ်ကပင် ဆောင်ယူအပ် အလှူ ဝတ္ထု အရပ်ရပ်ကိုလည်း ခံယူတော်မူထိုက် သော အရိယာသံဃာ ရှစ်ပါးအပေါင်းပါ တကား။

၆။ ပါဟုနေယျော=ဧည့်သည်တို့အလို့ငှါ အထူးတလည် စီရင်အပ်သော အာဂန္တုက ဒါနကို ခံတော်မူထိုက် သော အရိယာသံဃာတော် ရှစ်ပါးအပေါင်း ပါတကား။

၇။ ဒက္ခိဏေယျော=အပူဇော်မှန် မြတ်သောအလှူကိုခံထိုက် သော အရိယာသံဃာတော် ရှစ်ပါးအပေါင်း ပါတကား။

၈။ အဉ္ဇလိကရဏီယော = ပူဇော်ဝပ်တုပ် လက်အုပ်ချီခြင်း ကို ခံထိုက်သောအရိယာသံဃာတော် ရှစ် ပါး အပေါင်းပါတကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ = လူအပေါင်း၏ ကောင်းမှုမျိုးစေ့၏ ပေါက်ရောက် ကြီးပွား ရာ အတုမရှိ လယ်ယာမြေကောင်းပမာ အရိယာ သံဃာတော် ရှစ်ပါးအပေါင်းပါ တကား။

ယင်းသို့ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တော်များ ပွားများပြီးလျှင် ယနေ့ပြုရ ဒါနသီလ ဘာဝနာစု မြတ်ကောင်းမှုကြောင့် ယခုဘဝ ပစ္စက္ခတွင် ကင်းစင်အနာ သက်ရှည်ကာဖြင့် ဘယာခပ်သိမ်း ကင်းငြိမ်းကွယ်ပ လိုတိုင်းရ၍ ဘဝတမလွန်နတ်ထံလူ့ ပြည်တည်ကာသန္ဓေတိဟိတ်နေ၍ပညိန္ဒြေအခြေကြီးမားဥစ္စာများလျက် ထက်မြက်တေဇောသဒ္ဓါပေါပြည့် ဟိရိဩတ္တပ်နှစ်ရပ်ပြည့်စုံ တတ်မျိုးစုံကာ ဒါနသီလ ဘာဝနာမှု ပြုရပါစေ တောင်းဆုချွေ၏အန္တိမေကျ ဆုံးဘဝဝယ် လေးသွယ်ပဋိသမ်ဗျာန်အဘိညာ ဂုဏ်ပေါင်းဖြာလျက် အရဟတ္တမဂ် အရဟတ္တဖိုလ် ဉာဏ်မြတ်ကိုသာ မှန်စွာမုချ ရရပါလို၏ ဟု နှုတ်မြွက်၍ ဆုတောင်းရာ၏။

## ညဥ့်အိပ်ရာဝင် သီလဂုဏ်ဆင်ခြင်

ယင်းသို့ တနေ့လုံး လင်းသည်ကစ နေဝင်သည့်တိုင်အောင် မိမိစောင့်ထိန်းအပ်သော သီလ၏ လုံခြုံပုံကိုလည်းကောင်း လူ့စည်းစိမ် လူ့ဘဝ နတ်စည်းစိမ် နတ်ဘဝကို မတောင့်တသဖြင့် တဏှာ၏ကျွန် တာဝန် လွတ်ကင်းပုံကိုလည်းကောင်း ယင်းသီလကို အရင်းခံလျက် မဂ်ဖိုလ်အထိ သမာဓိရနိုင်ပုံကိုလည်းကောင်း အဖန်ဖန်အောက်မေ့ပါ။ ယင်းအောက်မေ့မှုကိုပင် သီလာနုဿတိဟု ခေါ်သည်။ ဤသို့မိမိစောင့်ထိန်းအပ်သော သီလကို—

ငါစောင့်ထိန်းရ မြတ်သီလ မုချစင်ကြယ်ပေတကား

ငါ့အဖို့ရာဝယ် အားရဖွယ် တင့်တယ်ပေစွတကား

အကျိုးအပြတ် ဆတ်ဆတ်ကင်းပ မြတ်သီလ မုချ
စောင့်လိုက်ပေပြီတကား။

ပေါက်ပျောက်ကင်းပ မြတ်သီလ မုချစောင့်လိုက်ပေ
ပြီးတကား။

ကျားကွက်ကင်းပ မြတ်သီလ မုချစောင့်လိုက်ပါပြီ
တကား။

တဏှာရဲကျွန် တာဝန်ကင်း သန့်ရှင်းလေစွတကား။

တစုံတရာ အပြစ်အနာ မရှာ မစွပ်စွဲအပ်စွာ့တကား။

ဈာန်မဂ်ဖိုလ်ရှိ သမာဓိ၏ ထိမိစေရန် အခြေခံ ကေန်
ဖြစ်နိုင်ပေစွတကား။

ဟူ၍ရှုဆင်ခြင် ရာ၏။

## ဤသို့ဤပုံနှလုံးသွင်း၍ ဥပုသ်စောင့်ပါ

ရဟန္တာအရှင်မြတ်တို့သည် အသက်ထက်ဆုံး သူ့ အသက် သတ်ခြင်းမှ ရှောင်ကြဉ်တော်မူကြသည်၊ တုတ် ဓား လက်နက် ဆောင်တော်မမူကြ၊ သတ္တဝါတို့အပေါ် ထာဝစဉ် သနားကြင် နာတော်မူကြသည်၊ ငါလဲ ဤနေ့ ဤည အဖို့ရာ သူ့ အသက် သတ်ခြင်းမှရှောင်ကြဉ်ပါ၏၊ တုတ်ဓားလက်နက်မဆောင်ပဲနေ ပါ၏၊ မကောင်းမှုပြုရန် ရှက်ပါ၏၊ သတ္တဝါများအပေါ် သနား ကရုဏာနှင့် ပြည့်စုံ၏၊ သို့ဖြစ်၍ ငါသည်ရဟန္တာများကို အတု လိုက်ကာ ကျင့်သူဖြစ်ပေ၏ စသည့် အင်္ဂါရှစ်ပါးလုံးမှာ ရဟန္တာ ပုဂ္ဂိုလ်တို့ကို တိုင်တည်၍ဆင်ခြင်ရာ၏။ ယင်းသို့ဆင် ခြင်ပြီး ဥပုသ်စောင့်လျှင် ပို၍အကျိုးများလေသည်။[၁]

---

၁။ အကျယ် အံ၊ ၃။ ၇၉-၈၁။

(ဆောင်) ရဟန္တာသခင် အနှင်ကောင်းများ ပိုစိထား၍
ရှစ်ပါးသရုပ် ဥပုသ်အင်္ဂါ ဆင်ခြင်ပါ လွန်စွာ
အကျိုးကြီးပါသတည်း။

## ဥပုသ်စောင့်ရကျိုး လွန်စွာကြီးမြတ်

ရဟန္တာအရှင်မြတ်တို့ကို အတုလိုက်၍ ရှုဆင်ခြင်ပြီးတနေ့စောင့်သုံးရသောဥပုသ်သည် အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း ကောသလတိုင်းအစရှိသော တဆယ့်ခြောက်တိုင်းတို့ကို အစိုးရခြင်း ဂုဏ်ထက် အဆပေါင်းများစွာ သာလွန်လေသည်၊ တိုင်းကြီး တဆယ့်ခြောက်တိုင်းတို့ကို အစိုးရခြင်းဂုဏ်သည် တနေ့ ဥပုသ်စောင့်ရသည့် ကောင်းမှု၏ ၁၆-စိတ် တစိတ် သို့မဟုတ် ၂၅၆-စိတ် တစိတ်သော်လည်း မမီနိုင်ပါချေ။

(ဆောင်) အင်္ဂ မဂဓ စသည့်သီးသီး တိုင်းပြည်ကြီးတို့
ထွတ်ထီးပိုင်သ အစိုးရကား ကောဋိဝသ တနေ့
မျှပို့ဥပေါသထ ကုသလ မုချမမီနိုင်ရိုးတည်း။

## သီလနှင့်ဆေးမှ ကိလေသာကြေးညှော်စင်နိုင်

ဧရာဝတီ၊ ချင်းတွင်းမြစ်စသည့် ရေအသီးသီးတွင် ရေကန် ရေ ပင်လယ်ရေ တို့ဖြင့် ကိလေသာအညစ်အကြေးကို မဆေးလျှော်နိုင်၊ သီလရေစင်ကသာ ကိလေသာကို ဆေးနိုင် စင်ကြယ်နိုင်သည်၊ ဝိသုဒ္ဓိမဂ်၌ ဂင်္ဂါ၊ ယမုနာ၊ သရဘူ သရဿတီ၊ အစိရဝတီ မဟာမြစ်ကြီးများမှ ရေဖြင့်ကိလေသာအညစ်အကြေးကို မဆေးနိုင် သီလရေစင်ဖြင့်ဆေးမှ စင်ကြယ်နိုင်သည်ဟု မိန့်တော်မူသည်[၁]

---

၁။ ဝိသုဒ္ဓိမဂ်၊ ၁။ ၁၀။

(ဆောင်) ပကတိရေ အထွေထွေဖြင့် ကိလေသာဘင် စင်ကြယ်ရန် ကေန်မတတ်နိုင်။

သီလရေစင် အေးကြည်လင်ဖြင့် ကိလေသာဘင် စင်ကြယ်ရန် ကေန်တတ်နိုင်သည်။

## သီလနှင့်တူသော အနံ့မရှိ

လောကမှာ အကျော်ငမ္ဘာယ် ကရမက်, စန္ဒကူး တောင်စလပ်ပန်းစသည်တို့၏အနံ့သည် သီလအနံ့လောက် ကြိုင်လှိုင်သည်မဟုတ်၊ ၎င်းပန်းတို့၏ အနံ့သည် လေညာသို့ မလှိုင်နိုင် မကြိုင်နိုင်သီလရနံ့ကသာ အရပ်တကာ ကြိုင်လှိုင်မွှေးပျံ့နိုင်လေသည်။

(ဆောင်) အနံ့ပေါင်းဝယ် ထိပ်ဆောင်းဥက္ကဋ္ဌ လွန်ထူးမြတ်မှတ်လေ သီလနံ့။

## နတ်ပြည်လှေကား နိဗ္ဗာန်တံခါး

နတ်ပြည်တက်ရန် သီလလောက်ကောင်းသော ဖြောင့်သော လှေကားမည်သည်မရှိ၊ နိဗ္ဗာန်အောင်မြို့ဝင်ရန်လည်း သီလသည် တံခါးပေါက်ဖြစ်လေသည်[၁] သို့ဖြစ်၍ သီလကို လုံခြုံအောင် ကျင့်သုံးရာ၏။

(ဆောင်) နတ်ပြည်တက်ရန် လှေကားမှန် ကေန်သီလမည်သတည်း။

နိဗ္ဗာန်အမတ တံခါးဝ မုချသီလမည်သတည်း။

---

၁။ ဝိသုဒ္ဓိ ၁ ။ ၁၀-ကြည့်

## သီလဂုဏ်ရည်ကျမ်း ပြီးဆုံးခြင်း

ပခုက္ကူမြို့ ကုက္ကိုတန်းရပ် သာသနာနုဂ္ဂဟဆွမ်းလောင်း အသင်း အမှုဆောင်လူကြီးတယောက်ဖြစ်သူ ဥပါသကာ သူတော်စင် ဦးကံ လျှောက်ထားသဖြင့် ငါးပါးသီလ, ရှစ်ပါး သီလအဓိပ္ပာယ်စသည်တို့ဖြင့် တန်ဆာဆင်၍ မနေ့ကစ၍ ရေးသားအပ်သော သီလဂုဏ်ရည်ကျမ်းငယ်သည် ယနေ့ ၁၃၄၅-ခုနှစ် နယုန်လဆုတ် ၁၀-ရက် ညနေ ၅-နာရီ ၃၆-မိနစ် အချိန်တွင် အောင်လံ့စိုက်ဆောက် ပြီးမြောက်ပါသဖြင့် အောက်ပါသံပေါက်ကဗျာဖြင့် နိဂုံးအုပ်လိုက်ပါသည်။

၁။ မှတ်ပါစေလို သံပေါက်ကို နောက်ကိုသိစေရာ။
၂။ အကြောင်ငါမူ ပခုက္ကူ လိုက်ဆူသတင်းဖြာ။
၃။ မဟာဝိသုတ အာရာမ ပျော်ထစံနေပါ။
၄။ ကျမ်းပြု, စာချ ဤနှစ်ဝ မုချပြုနေပါ။
၅။ သီလဂုဏ်ရည် ကျမ်းပြောစည် ငါသည်ရေးလိုက်ပါ။
၆။ နှစ်ရက်တွင်းမှာ ဤကျမ်းစာ မှန်စွာပြီးခဲ့ပါ။
၇။ ကြည့်ရှုဖတ်နာ သူတော်စွာ လေ့လာကြစမ်းပါ။
၈။ လေ့လာကြည့်က ကျိုးဖလ မုချရပေမှာ။
၉။ ဤစာရေးရ မြတ်ပုညကြောင့် အမတမှန် မြတ်နိဗ္ဗာန် ကောန်ရောက်ရန်သာ။
၁၀။ ငါသည်ယခု ပန်ထွာပြု ဖြူဥမြတ်သဒ္ဓါ။

သီလဂုဏ်ရည်ကျမ်း အလုံးစုံပြီး၏။

## အရှင်ကေလာသပြုစုသော ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။
၂။ တိပိဋကအတ္ထုဒ္ဓါရသူစိကျမ်း
၃။ တိပိဋကသုတ္တသူစိကျမ်း။
၄။ အင်္ဂလိပ် ပါဠိအဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်။
၆။ သက္ကတ မြန်မာ အဘိဓာန်။
၇။ ပစ္စုက္ကမှုသာသနာဝင်။
၈။ မဟာဝိသုတာရာမ သာသနာဝင်။
၉။ မန္တလေးသာသနာဝင် ပထမတွဲ။
၁၀။ မန္တလေးသာသနာဝင် ဒုတိယတွဲ။
၁၁။ မန္တလေးသာသနာဝင် တတိယတွဲ။
၁၂။ မန္တလေးသာသနာဝင် စတုတ္ထတွဲ။
၁၃။ မန္တလေးသာသနာဝင် ပဉ္စမတွဲ။
၁၄။ မန္တလေးသာသနာဝင် ဆဋ္ဌမတွဲ။
၁၅။ မန္တလေးသာသနာဝင် သတ္တမတွဲ။
၁၆။ မန္တလေးသာသနာဝင် အဋ္ဌမတွဲ။
၁၇။ မန္တလေးသာသနာဝင် နဝမတွဲ။

၁၈။ မန္တလေးသာသနာ့ဝင် ဒသမတွဲ။

၁၉။ မန္တလေးသာသနာ့ဝင် ဧကာဒသမတွဲ။

၂၀။ မန္တလေးသာသနာ့ဝင် ဒွါဒသမတွဲ။

၂၁။ မန္တလေးသာသနာ့ဝင် တေရသမတွဲ။

၂၂။ မန္တလေးသာသနာ့ဝင် စုဒ္ဒသမတွဲ။

၂၃။ မန္တလေးသာသနာ့ဝင် ပန္နရသမတွဲ။

၂၄။ မန္တလေးသာသနာ့ဝင် သောဠသမတွဲ။

၂၅။ မန္တလေးသာသနာ့ဝင် သတ္တရသမတွဲ။

၂၆။ မန္တလေးသာသနာ့ဝင် အဋ္ဌာရသမတွဲ။

၂၇။ မန္တလေးသာသနာ့ဝင် ဧကူနဝီသတိမတွဲ။

၂၈။ မန္တလေးသာသနာ့ဝင် ဝီသတိမတွဲ။

၂၉။ မန္တလေးသာသနာ့ဝင် ဧကဝီသတိမတွဲ။

၃၀။ မန္တလေးသာသနာ့ဝင် ဒွါဝီသတိမတွဲ။

၃၁။ မန္တလေးသာသနာ့ဝင် တေဝီသတိမတွဲ။

၃၂။ မန္တလေးသာသနာ့ဝင် စတုဝီသတိမတွဲ။

၃၃။ မန္တလေးသာသနာ့ဝင် ပဉ္စဝီသတိမတွဲ။

၃၄။ ပုဂံသာသနာ့ဝင်။

၃၅။ ပင်းယ သာသနာ့ဝင်။

၃၆။ အင်းဝ သာသနာဝင်။

၃၇။ စစ်ကိုင်း သာသနာဝင်။

၃၈။ အမရပူရ သာသနာဝင်။

၃၉။ စွန်းလွန်း ပဋိပတ္တိသာသနာဝင်။

၄၀။ သီဟိုဠ် ရဟန္တာများ။

၄၁။ သီဟိုဠ် ဘုရားစုံသမိုင်း။

၄၂။ စေတိယပုပ္ပတ္တိ ဒီပနီ။

၄၃။ ပခုက္ကူ ဘုရားစုံသမိုင်း။

၄၄။ ပခုက္ကူ ဘုရားသုံးဆူသမိုင်း။

၄၅။ ပခုက္ကူ ရှင်ကျင့်ဝတ်။

၄၆။ ပခုက္ကူ စာချနည်း။

၄၇။ ပခုက္ကူ ရေစက်ချနည်းကျမ်း။

၄၈။ ပခုက္ကူ သဒ္ဒါသုတ်နက်။

၄၉။ ပခုက္ကူ ဂဏ်တော်ဖွင့်။

၅၀။ ပခုက္ကူ ဘုရားရှိခိုးကျမ်း။

၅၁။ ပခုက္ကူ စာစပ်ကျမ်း။

၅၂။ ပခုက္ကူ နိပါတ်နက်များကျမ်း။

၅၃။ ပခုက္ကူ ပရိတ်နိဿယကျမ်း။

၅၄။ ပါဠိ ပါဌမဥ္စရီ ပါဠိဖတ်စာ။

၅၅။ ဥပုသ်သည်များ လက်စွဲ။

၅၆။ တိပိဋကပါဠိ မြန်မာအဘိဓာန်အတွဲ ၉- ( ပါဝင် ပြုစု )။

၅၇။ တိပိဋကပါဠိ မြန်မာအဘိဓာန်အတွဲ ၁၀- (ပါဝင် ဦးစီးပြုစု )။

၅၈။ တိပိဋကပါဠိ မြန်မာအဘိဓာန်အတွဲ ၁၁- (ပါဝင် ဦးစီးပြုစု )

၅၉။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိ ဒီပနီနှင့် အဖိုးတန်ဓာပေများ။

၆၀။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုရန္ဒ၏ မဟာထေရ စရိတ။

၆၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝုတ္တန္တ ဒီပနီ။

၆၂။ ကျောက်ဖူး ဆရာတော် အရှင်ကလျာဏ၏ ကလျာဏထေရဂုဏ်ရည်။

၆၃။ ဝါးကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန်ထေရ ဂုဏ်ရည်။

၆၄။ သံပုရာပင်ကုန်းဆရာတော် အရှင်အရိယ၏ အရိယ ထေရဂုဏ်ရည်။

၆၅။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော် အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမထေရုပ္ပဒါန်။

၆၆။ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ ၏ မဟာထေရုပ္ပတ္တိပ္ပဒီပိကာ။

၆၇။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရား ကြီး၏ မဟာထေရ လလိတ။

၆၈။ သာသနာပိုင်ဆရာတော် ဦးဥေယျထေရုပ္ပတ္တိ။

၆၉။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော် ဘွဲ့ ဂါထာခြောက်ဆယ် ပါဌ်နိဿယ။

၇၀။ အရှင်နန္ဒဝံသဆရာတော်ဘုရားကြီး၏ ဘုန်းတော် ဘွဲ့ ဂါထာရှစ်ဆယ် ပါဌ်နိဿယ။

၇၁။ အရှင်ပညာဆရာတော် ဘုရားကြီး၏ ဘုန်းတော် ဘွဲ့ ဂါထာကိုးဆယ် ပါဌ်နိဿယ။

၇၂။ ရေစကြိုဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀-ပါဌ်နိဿယ။

၇၃။ ကျွန်းဦး ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ သုံးဆယ် ပါဌ်နိဿယ။

၇၄။ လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုးဂါထာ ပါဌ်နိဿယ။

၇၅။ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဂါထာ ပါဌ်နိဿယ။

၇၆။ တရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုးဂါထာ ပါဌ်နိဿယ။

၇၇။ နမက္ကာရ ပါဌ်နိဿယ။

၇၈။ ရှင်ဥပဂုတ်ဘုရားရှိခိုး ဆယ့်နှစ်ဂါထာပါဌ်နိဿယ။

၇၉။ ပဋ္ဌာနသီခ သီချင်းဂါထာ ပါဌ်နိဿယ။

၈၀။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရ သိမ်မော်ကွန်း ပါဌ်နိဿယ။

၈၁။ မရဏာဿတိဘာဝနာ။

၈၂။ မူလပဏ္ဏာသ အဋ္ဌကထာ ဂဏ္ဌိ။

၈၃။ ပိဋကသုံးပုံဘုရားရှိခိုး(၁၁၅-ဂါထာ ပါဌ်နိဿယ)

၈၄။ မဟာဝံသပါဌ်(သီဟိုဠ်ပါဠိမှမြန်မာပါဠိပြန်ရေး)။

၈၅။ ဒီပဝံသပါဌ်(သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။

၈၆။ အဘိဓာနပဒါန်နှင့် အဖိုးတန်စာပေများ။

၈၇။ ပခုက္ကူအဘိဓာန် နိဿယသစ်။

၈၈။ တိပိဋကစရေဝုတ္တနွှသန္ဒီပနီကျမ်း။

၈၉။ ကဝိဒပ္ပဏနီတိ ပါဌ်နိဿယ။

၉၀။ တိပိဋကစရေ ဝုတ္တနွှဝိလာသိနီ။

၉၁။ ဆယ့်နှစ်ရာသီဘွဲ့ဂါထာ ပါဌ်နိဿယ။

၉၂။ ရေနံချောင်းမြို့ ရွှေတောင်တိုက် တိုက်အုပ်ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရဝုတ္တနွှဝိလာသိနီ။

၉၃။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။

၉၄။ မဟာဝိသုတာရာမနိကာယ ဝတ်ရွတ်စဉ်အဖွင့်။

၉၅။ မဟာဝိသုတာရာမနိကာယ သာသနာဝင်သစ်။

၉၆။ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ သမိုင်း မှတ်တမ်း။

၉၇။ မဟာစည် ထေရုပ္ပတ္တိ ဝိလာသိနီ။

၉၈။ သာသနာဝင် ဘွဲ့တံဆိပ်တော်များသမိုင်း။

၉၉။ ၁၃၄၀-ပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး သုံးပါးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး(၁၀) ပါးတို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒီပနီ။

၁၀၀။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏ မဟာထေရ ဝိက္ကီဠိတ။

၁၀၁။ ပခုက္ကူ အဖိုးတန်စာပေများ။

၁၀၂။ မိဘမြတ်ကျေးဇူး။

၁၀၃။ ထနောင်းခလ ထေရဂုဏ်ရည်။

၁၀၄။ ၁၃၄၁-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီး နှစ်ပါးနှင့် အဂ္ဂမဟာ- ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက် ပါးတို့၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိ ပကာ သိနီ။

၁၀၅။ ပခုက္ကူ ရွှေတန့်တာစ် ဘုရားသမိုင်း။

၁၀၆။ ပထမအကြိမ် ဂိုဏ်းခေါင်းစုံ သံဃာ့အစည်းအဝေး သမိုင်းကျမ်း။

၁၀၇။ ရွှေကူဘုရားသမိုင်း။

၁၀၈။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်။

၁၀၉။ ကလျာဏီသာသနာဝင် (ပဲခူးကလျာဏီ သာသနာဝင်ကျမ်း)။

၁၁၀။ ပခုက္ကူ နမောတဿ အနက်များကျမ်း။

၁၁၁။ ဆရာမြတ်ကျေးဇူး။

၁၁၂။ တပည့်လိမ္မာ။

၁၁၃။ ယဂိုရလပညာနန္ဒ၏ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။

၁၁၄။ ပခုက္ကူ သဒ္ဒါသုတ်နက်သစ်။

၁၁၅။ ပခုက္ကူ မောဂ္ဂလ္လာန်သုတ်နက်။

၁၁၆။ ယမမင်းထံ အစစ်ခံသံပေါက်ကျမ်းအဖွင့်။

၁၁၇။ ထွတ်ခေါင်ကမ္မဋ္ဌာန်း သံပေါက်အဖွင့်ကျမ်း။

၁၁၈။ တိပိဋကပါဠိ အဋ္ဌကထာဋီကာ ဂါထာသူစိကျမ်း (ဦးစီးရေး)။

၁၁၉။ ပခုက္ကူ ပဒမာလာကျမ်း။

၁၂၀။ ပခုက္ကူ လက်ပန်ကျွန်းရွာပြည်သုံးချမ်းသာဘုရား သမိုင်း။

၁၂၁။ ပဋ္ဌက္ကူ အနေကဇာတင် ပါဠိနိဿယ။

၁၂၂။ ဥပါသကာလက်စွဲ ဘုရားရှိခိုး။

၁၂၃။ ဓအားမြမြဓမ္မအမြုတေ။

၁၂၄။ မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ဆရာတော် အရှင် ဥက္ကံသာဘိဝံသ၏ ဖေဃရုပ္ပတ္တိဒီပနီ။

၁၂၅။ မိုးကုတ် မဟာထေရဂုဏ်ရည်။ (မရိုက်ရသေး)။

၁၂၆။ ဆီးတော မဟာထေရဂုဏ်ရည် (မရိုက်ရသေး)။

၁၂၇။ တောင်သာမြို့နယ် ကျောက္ကာရွာ မဟာဗောဓိ ဆရာတော်ဘုရားကြီး အရှင်သိရိဓမ္မ၏ ဘုန်းတော်ဘွဲ့ ၁၄-ဂါထာ ပါဠိနိဿယ။

၁၂၈။ သမီးလိမ္မာ။

၁၂၉။ သားလိမ္မာ။

၁၃၀။ မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ မေမ္မပါရဂူဆရာတော်ဘုရားကြီး အရှင်အာစိဏ္ဏ မဟာထေရ်၏ ဘုန်းတော်ဘွဲ့ ၄၃-ဂါထာ ပါဠိနိဿယ။

၁၃၁။ ရှင်ပင်မဟာရွှေဂူကြီး မြတ်စွာဘုရားသမိုင်း။

၁၃၂။ ရတနာဝလိ ဘုရားရှိခိုး။

၁၃၃။ ရတနာဝလိ ဝတ်ရွတ်စဉ် (ရင်းအဖွင့်)။

၁၃၄။ သီလဂုဏ်ရည်။

၁၃၅။ ဂုဏ်တော်ပွားနည်း နိဿရည်း။

ပ-မ-သ-စ ၇၉ ၁၅-၇-၈၃၊ ၅၀၀၀။ (၂)